# ဗမာပြည်၏အမျိုးသားအကျိုးစီးပွား

## ကွန်မြူနစ်တို့၏အဆိုပြုချက်

(၁)

**အချိန်ဆွဲ၍မရ**

အမျိုးသားအကျိုးစီးပွားချင်း တိုးမိတိုက်မိသည့်ခေတ်ကို ကမ္ဘာကြီးဖြတ်သန်းနေပြီ။ ဗမာပြည်၏အမျိုးသားအကျိုးစီးပွားနှင့် ပတ်သက်သော ကိစ္စကို အချိန်မဆွဲဘဲ ဆုံးဖြတ်ရတော့မည်။ အချိန်ဆွဲလျှင် တိုင်းပြည်နာလိမ့်မည်။

ကွန်မြူနစ်တို့၏ စဉ်းစားချက်ကိုညှိနှိုင်းရန် တင်ပြပါသည်။

**ဗမာပြည်၏ အမျိုးသားအကျိုးစီးပွားမှာ–**

(က) လွတ်လပ်ရေးနှင့် အမှီခိုကင်းရေး

(ခ) အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ပြည့်စုံရေး

(ဂ) ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးတို့ ဖြစ်သင့်သည်ဟု ယူဆပါသည်။

**(က) လွတ်လပ်ရေးနှင့် အမှီခိုကင်းရေး**

နိုင်ငံရေးအရ လွတ်လပ်ရုံဖြင့်မပြီး၊ စီးပွားရေးအရပါ အမှီခိုကင်းရပါမည်။ အမှီခိုမကင်းလျှင် တနွယ်ငင် တစင်ပါ အခြားရေးရာများတွင်လည်း မှီခိုနေရလိမ့်မည်။ လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက် အမှီခိုမကင်းခဲ့ကြောင်းကို အကျယ်ချဲ့တင်ပြနေစရာ မလိုဟု ထင်ပါသည်။

အမျိုးသားအကျိုးစီးပွားဟူသည် ယာယီမဟုတ်၊ ထာဝရဖြစ်ပါသည်။ အမျိုးသားရေးကြွေးသည် အစိုးရကြွေးမဟုတ်ပါ။ တက်သမျှအစိုးရက လက်လွှဲယူရပါသည်။ အစိုးရဟောင်းချေးခဲ့ သုံးခဲ့၍ အစိုးရသစ်က ဆပ်စရာမလိုဟု ပြောလို့မရပါ။ တော်လှန်ရေးနည်းဖြင့် တက်လာသော အစိုးရပင်လျှင် ရေရှည်မဆပ်ဘဲ နေ၍မရတာ တွေ့ရပါသည်။ တနည်းနည်းဖြင့် ဆပ်ပါသည်။

အမှီခိုကင်းမှုကို ချက်ချင်းရရှိမည် မဟုတ်ပါ။ ရေရှည်လုံးပန်းရပါမည်။ လူထုကြိုက်အစိုးရနှင့် လူထုလက်တွဲပြီးလုပ်လျှင် တဖြည်းဖြည်း အမှီခိုကင်းမှု ရပါလိမ့်မည်။

**(ခ) အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ပြည့်စုံရေး**

လွတ်လပ်ရေးကြေညာရုံနှင့် ဤ (၂) ခု ရလာခြင်း မဟုတ်ပါ။ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ပြည့်စုံမှုကို အကြိမ်ကြိမ် စိန်ခေါ်ခံခဲ့ရပြီးမှ ရလာခြင်းဖြစ်သည်။ နှစ် ၆၀ နီးသည်အထိ ထိုင်းနှင့် လွယ်လန်း နယ်မြေကိစ္စ မပြတ်သေးပါ။ နယ်မြေပိုင်နက်ကိစ္စ အားလုံးပြတ်သွားလျှင်လည်း ခြိမ်းခြောက်ခံနေရဦးမည်။ ထို့ကြောင့် ဤကိစ္စကို အမျိုးသားအကျိုးစီးပွားထဲ ထည့်သွင်းထားပါသည်။

ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံက ရှုပ်ထွေးပါသည်။ နယ်မြေကိစ္စကြောင့် အီရန်နှင့်အီရတ်စစ်ဖြစ်ခဲ့သည်။ အီရတ်ကို အမေရိကန်ကူခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဂုရုကြီးဆိုသော ကစ်ဆင်ဂျာက သူတို့ချင်းသတ်လို့ သေကုန်ရင်အကောင်းဆုံးပဲဟု ပြောခဲ့ဖူးသည်။ အီရတ်နှင့်အီရန် အချင်းချင်းသတ်၍ လူသန်းချီသေခဲ့သည်။

ထိုဂုရုကြီးကို ဘုရှ်က အိမ်ဖြူသို့ ပင့်ထားသည်ဟု သတင်းတခုကဆိုသည်။ ဤတချီတွင် မည်သူ့ကို မျိုးဖြုတ်ချင်သနည်း။ အီရတ်ပြည်သူ ကာ့ဒ် (Kurd) လော၊ ဆွန်နီမူဆလင်လော၊ ရှအာမူစလင်လော၊ ပါလက်စတိုင်းလော စောင့်ကြည့်ရမည်။ အာရပ်တွေနဲ့ ရေနံ မတန်ဘူးဟု ဆိုထားရာ အခြားအာရပ်များကိုလည်း မျိုးဖြုတ်တာ ဖြစ်နိုင်သည်။

ဗမာပြည်နှင့် သယံဇာတ မတန်ဘူးဟု မည်သည့်အခါပြောလာမလဲ စိုးရိမ်မိသည်။ "အမေရိကန်က လက်နက်တွေ ဂိုဒေါင်အပြည့်နဲ့ စောင့်နေပြီ" ဆိုသော ထင်ယောင်မှားမှုမျိုးလို "ဒေါ်လာတွေပိုက်ပြီး စောင့်နေသည်" ဟု ထင်ယောင်မမှားဖို့ လိုပါသည်။ မှီခိုလိုသောစိတ်ကစပြီးပြင်မှ မှီခိုရမှုကင်းမည်။ မှီခိုနေရသူ ဘယ်တော့မှ မလွတ်လပ်။

**(ဂ) ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး နှင့်ဖွံ့ဖြိုးရေး**

၁၉၄၈ ခုနှစ်ကတည်းက မရှိခဲ့ပါ။ မဆလကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) ဖြစ်ခဲ့ပြီ။ နဝတ – နအဖ စစ်အုပ်စုက စိတ်မကျေပွဲ နွှဲနေသဖြင့် LDC မှ ဆုံးရှုံးသွားသောနိုင်ငံဖြစ်ရေးသို့ တာစူနေပြီး၊ အမျိုးသားအကျိုးစီးပွားများ တိုးမိတိုက်မိနေသည့် ခေတ်ကြီးတွင် ဗမာပြည်သည် မိမိ၏အမျိုးသားအကျိုးစီးပွားကို လျစ်လျူရှုမိပါက ဆုံးရှုံးသွားသောနိုင်ငံ မုချဖြစ်လိမ့်မည်။

စစ်အုပ်စုက "လက်နဲ့ရေး ခြေနဲ့ဖျက်" တာ ဆက်လုပ်နေခဲ့လျှင် ဗမာပြည်၏ အမျိုးသားအကျိုးစီးပွားမှာ စုံးစုံးမြုပ်ရန်သာ ရှိတော့သည်။

အချိန်မနှောင်းမီ တိုင်းချစ်ပြည်ချစ်အင်အားစုများက ဝိုင်းဝန်းထိန်းသိမ်းကြပါရန် ဗမာပြည်ကွန်မြူနစ်တို့က ဤအဆိုပြုချက်ကို တင်သွင်းခြင်း ဖြစ်ပါကြောင်း။

(၂)

## အဆိုပြုချက်အား ရှင်းလင်းခြင်း

**စစ်အုပ်စုအကျိုးစီးပွားသည် အမျိုးသားအကျိုးစီးပွားမဟုတ်။**

၁၉၈၈ ခုနှစ်ကတည်းက "အမျိုးသားတာဝန်"၊ "အမျိုးသားနိုင်ငံရေး" ကို ဝအီနေအောင်ကြားရသည်။ မဆလ အစိုးရခေတ်က "ပြည်သူ"ကို နားမဆန့်အောင် ကြားရသလိုပင် နဝတ/နအဖ ခေတ်တွင် "အမျိုးသား" ကို ဖန်တရာတေအောင် ကြားရသည်။

ဗမာစစ်ဘုရင်ရုပ်တုများထုခြင်း၊ နန်းတော်ဆောက်ခြင်း၊ ဆင်ဖြူကိုးကွယ်ခြင်း၊ ရှေးခေတ်မင်းခမ်းမင်းနားများ ပြန်ဖေါ်ထုတ်ခြင်း၊ အငြိမ့်–ရုပ်သေးကိုတခါတရံပြန်ဖော်ခြင်း၊ ယူနီဖောင်းဝတ်ကို အရပ်ဝတ်က လက်အုပ်ချီခြင်းကိုပင် အမျိုးသားအကျိုးစီးပွား ထင်နေသလား မပြောတတ်။

ဤသည်များမှာ စစ်အုပ်စုအကျိုးစီးပွားကို အမျိုးသားအကျိုးစီးပွားကဲ့သို့ ပုံမှားရိုက်နေခြင်း ဖြစ်၏။ ပဒေသရာဇ်ခေတ်တွင် အမျိုးသားအကျိုးစီးပွား မပေါ်သေးပါ။ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ အမျိုးသားစစ်တိုက်ခဲ့ခြင်း မဟုတ်ပါ။ ပဒေသရာဇ် စစ်ဘုရင်များကို စစ်အုပ်စုက အမွှမ်းတင်ခြင်းမှာ စစ်အုပ်စုအာဏာသက်ရှည်အောင် အကြံအဖန်လုပ်ခြင်းသာ ဖြစ်၏။

**အမျိုးသားအကျိုးစီးပွားကို စစ်အုပ်စုကြောင့် မထိခိုက်စေရ။**

စစ်အုပ်စုက နိုင်ငံရေးကို ရာနှုန်းပြည့်လုပ်နေပါလျက် နိုင်ငံရေးမလုပ်ပဟု ပြောင်လိမ်နေသည်။ ဗိုလ်နေဝင်း (မဆလ) လောက်ပင် သိက္ခာမရှိ။ နိုင်ငံရေးမလုပ်လျင် စစ်တန်းလျားသို့ ပြန်သင့်သည်။ နိုင်ငံရေးအလုပ်ကို နိုင်ငံရေးလုပ်သူများသို့ လွှဲခဲ့ရမည်။ နိုင်ငံရေး ဆက်လုပ်လိုလျှင် နိုင်ငံရေးပါတီဖွဲ့ရမည်။ ထိုပါတီကို ခေတ်ပြိုင်နိုင်ငံရေးပါတီတခုအဖြစ် သတ်မှတ်မည်။ "ဗမာပြည်၏အမျိုးသား အကျိုးစီးပွား" ကိစ္စကို ဆွေးနွေးမည်။

နိုင်ငံရေးလောက၏ အထက်ကနေချင်သော စစ်အုပ်စုကို "ဒိုင်လူကြီး" လုပ်ခွင့် မပေးနိုင်ပါ။ စစ်အုပ်စုကြောင့် ဗမာပြည် ဒုက္ခ ရောက်မည်ကို စိုးရိမ်ပါသည်။

**ပြင်းထန်လာမည့် ကမ္ဘာ့စနစ်သစ်လွန်ပွဲ**

အီရတ်စစ်ပွဲသည် လွန်ဆွဲပွဲဇာတ်ထုပ်ကြီးထဲမှ ဇာတ်ဝင်ခန်းတခုသာ ဖြစ်သည်။ အင်အားကြီးနိုင်ငံများက ဇာတ်ထုပ်ပြီးသည် အထိ ဆက်လက်ကပြကြလိမ့်ဦးမည်။

ဇာတ်ခုံက အာရှတွင် (မိစ္ဆာဝင်ရိုးတန်း (၃) နိုင်ငံ အာရှကချည်း) ဖြစ်နေရာ၊ ဗမာပြည်မပါချင်၍ မရ၊ ကိုယ်ကမပါချင်လျှင်လည်း ဆွဲသွင်းသူ ရှိလိမ့်မည်။

**အမျိုးသားအကျိုးစီးပွားကို ရေရှည်အမြင်ဖြင့်ရေးဆွဲ**

အမျိုးသားအကျိုးစီးပွား၏ဘောင် ကျယ်ပြန့်ရမည်။ သို့မှသာ တာရှည်ခံမည်။ ပါတီတခု၊ အုပ်စုတခု၊ အစိုးရတဖွဲ့၏ အကျိုးစီးပွားကို အခြေခံပြီးရေးလျှင် ကျဉ်းမြောင်းပြီး သက်တမ်းတိုလိမ့်မည်။

ကမ္ဘာ့အရေးအခင်းတခုအပေါ် အခြေခံထားလျှင်ကား ပို၍ပင် သက်တမ်းတိုလိမ့်မည်။ ထို့ကြောင့် ရေရှည်ခံရန် ရေရှည် အမြင်ဖြင့် ရေးဆွဲအပ်၏။

(၃) ချက်ပါအဆိုပြုချက်ကို တိုင်းချစ်ပြည်ချစ် အားလုံးသို့ လေးစားစွာတင်ပြခြင်း ဖြစ်ပါကြောင်း။

၁၃၆၄ ခုနှစ်၊ တပေါင်းလကွယ်နေ့။ ဗဟိုစည်းရုံးရေးကော်မတီ
၂၀၀၃ ခုနှစ်၊ ဧပြီလ ၁ ရက်။ ဗမာပြည်ကွန်မြူနစ်ပါတီ